## ၁၁။ ဂျပိုးနက်

**Rice Black bug : *Scotinophara coarctata* (Fabricius, 1798)**

**Hemiptera: Pentatomidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ပိုးမမည်များမှာ အညိုရောင်နှင့်အဝါရောင်ရှိပြီး အမဲရောင်အမှတ်များပါရှိပါသည်။ အကောင်ကြီးမှာအညိုရောင်နှင့်အဝါရောင်ရှိပြီးဦးခေါင်းမှာအမဲရောင်ရှိသည်။အရှေ့အတောင်များမှာထောင့်မှန်စတုဂံပုံရှိပြီး အလျားလိုက်အကြော(၆)ခုရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အပင်အတွင်းရှိပင်ရည်များကို စုပ်စားဖျက်ဆီးပါသည်။ဂျပိုးများသည် အရွက်ကြောများ ၊ပန်းခိုင်များနှင့် ပင်ပွါးထွက်သည့် အပင်ခြေများတွင်ညပိုင်းအချိန်၌ အများဆုံးဖျက်ဆီးသည်။ အပင်ရည်ကိုစုပ်ယူဖျက်ဆီးခြင်းကြောင့်အပင်များခြောက်သွေ့လာခြင်း၊ အရွက်များအရောင်

ပြောင်းသွားခြင်းနှင့်အပင်ကြီးထွားမှုရပ်သွားပြီး ပင်ပွါးထွက်မှုများကို လျော့ကျစေပါသည်။ အပင်ကြီးထွားချိန်တွင် ဖျက်ဆီးခံရပါက အပင်၏အညွန့်လောင်းမှာအဝါရောင်အဖြစ် ပြောင်းသွား ပြီးဆစ်ပိုးလက္ခဏာဖြစ်သည့် အူပုတ်ခြင်း၊(Deadheart) ဆင်တူသည်ကိုတွေ့ရသည်။ သို့ရာတွင် ဂျပိုးကြောင့်ဖြစ်သောကျရောက်သည့် အပင်ကိုနှုတ်ယူကြည့်ပါက အခြေမှ ကျွတ်ထွက်လာခြင်းမရှိပါ။အနှံထွက်ချိန်များတွင်လည်းအနှံဖြူခြင်း(Whiteheads)လက္ခဏာကို တွေ့ရသည်။ဆိုးရွားစွာကျရောက်ပါက ဖြုတ်လောင်ထားသကဲ့သို့ တစ်ကွင်းလုံးဝါနေသည့် ဂျပိုးလောင်လက္ခဏာ (Bugburn) ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – **(**၄-၇**)** ရက်

အကောင်ငယ်အဆင့် – **(**၂၆-၃၄**)** ရက်

အကောင်ကြီးအဆင့် –(၄-၇)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)စိုက်ခင်းအတွင်းထယ်ထိုးပြီးပါက ပေါင်းမြက်များရှင်းလင်းပါ။

(၂)ဂျပိုးကောင်များ၏ ဘဝစက်ဝန်းကို ပြတ်တောက်စေရန် ရင့်မှည့်ချိန် တူညီသည့် စပါးမျိုးများကို စိုက်ပျိုးပါ။

(၃)အမကောင်များသည်ဥများကို အပင်အောက်ခြေရေနှင့်နီးသည့် နေရာ(သို့)အရွက်၏အောက်တွင်ဥသောကြောင့် ရေအနက် (၈-၁၀) စင်တီမီတာခန့်အား (၁-၂)ရက်ခန့် သွင်းထားခြင်းအားဖြင့် ဥပေါက်နှုန်းကိုဟန့် တားခြင်းဖြင့် အကောင်ပေါက်ပွါးမှုကို ကာကွယ်ပါ။

(၅)ဆိုးရွားစွာကျရောက်ပါက အကောင်ကြီးများကိုအပေါ်သို့တက်လာစေ ရန်ရေသွင်းပါ။

(၆)အလင်းရောင်ထောင်ချောက်ထွန်း၍အကောင်ကြီးများဖမ်းယူပါ။

(၇)စိုက်ခင်းအတွင်း ကျန်ရှိသောအကောင်များ ထပ်မံ ကျရောက်မှုမှကာကွယ်နိုင်ရန်ရိတ်သိမ်းပြီးပါက ထယ်နက်နက် ထွန်ပါ။

(၈)ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း အကောင်ရှိ သည့် အပင်အောက်ခြေရောက်အောင် ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာတွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဒိုင်ယာဇီနွန် (Diazinon)
- အဆီတာမီပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)